# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 11, 2024 Volume 79, Number 7

၁၁.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၀၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၉.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၁.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၄၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၂၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၉၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၁၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပနိုင်ငံများက ဝယ်ယူမှုရှိလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဂျင်းခြောက်အဝယ်လိုက်နေ

ပြည်ပနိုင်ငံများက ဝယ်ယူမှုရှိလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဂျင်းခြောက် အဝယ်လိုက်နေကြောင်း ဂျင်းပွဲရုံပိုင်ရှင် ဦးသိန်းထွန်းလင်းက ပြောပြ၍သိရသည်။

မန္တလေးဈေးကွက်အတွင်း ဂျင်းခြောက်ဈေးနှုန်းများမှာ အမျိုးအစား အလိုက် မြားနီတစ်ပိဿာလျှင် ငွေကျပ် ၅၂၀၀ မှ ၅၅၀၀ ထိ၊ ပန်းတနော် (ရှည်) တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ မှ ၅၀၀၀ ထိရှိကြောင်းသိရသည်။

"ထိုင်းနိုင်ငံက ဂျင်းရာသီကတော့ ကုန်တော့မှာဖြစ်ပါတယ်။ အဲဒီ အတွက် ကြောင့် ဝယ်ယူမှုရှိလာသလို တရုတ်နိုင်ငံကလဲ အနည်းငယ်ဝယ်ယူမှုရှိလာတယ်၊ အထွက်နှုန်းကလဲနည်းတော့ ဈေးကောင်းရရှိပါတယ်" ဟု ဦးသိန်းထွန်းလင်းက ပြောပြသည်။

ဂျင်းသီးဈေးနှုန်းများမှာ စတင်ပေါ်သည့်အချိန်မှ မေလတတိယပတ်ထိ အရောင်းအဝယ်အေးခဲ့ကြောင်း၊ လက်ရှိပြည်ပနိုင်ငံများက ဝယ်ယူမှုပြုလုပ်လာခြင်း ကြောင့် ဈေးကွက်အတွင်း ဂျင်းသီး အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

ဂျင်းကို မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ ရာသီမရွေးစိုက်ပျိုးနိုင်ပြီး မြန်မာ နိုင်ငံအောက်ပိုင်းဒေသများတွင် ဆောင်းရာသီ၌သာ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

Source: **ရတနာပုံနေ့စဉ်သတင်းစာ**

## ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ချင်းပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း ချင်းပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့နိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးကပြောပြ၍သိရသည်။

ဓနုဖြူမြို့နယ်တွင် ပြီးခဲ့သည့် ဧပြီလက ချင်းပိဿာချိန် ၄၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ ချင်းပိဿာချိန် ၇၅,၀၀၀ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း၊ အဆိုပါချင်း တင်ပို့ရောင်းချအားတက်ခဲ့သည့်အတွက် ချင်းစိုက်ပျိုး ရေးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိသည်။

"ပြီးခဲ့တဲ့ မေလက ချင်းပိသာချိန် ၇၅,၀၀၀ ကို တင်ပို့ရောင်းချထားခဲ့ပါတယ်။ တင်ပို့အားကောင်းလာတော့ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်တဲ့သူတွေ အဆင်ပြေတာတွေ့ရပါတယ်။ အခုလို ချင်းတင်ပို့အားကောင်းလာတာကလဲ ပြည်တွင်းဈေးကွက်မှာ ချင်းကအဝယ်ကောင်းနေလို့ဖြစ်ပါတယ်။ ဒေသထွက်ချင်းတွေကို ဒေသဈေးအပြင် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ဒေသမှာက ချင်းကိုတစ်နိုင်တစ်ပိုင်စိုက်ပျိုးတဲ့သူတွေများတယ်။ အခြားဒေသတွေလောက် အများကြီးမထွက်ပေမဲ့ ပုံမှန်ထွက်ရှိနေပါတယ်"ဟု ခနောင်ဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြသည်။

ခနောင်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ချင်းစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါချင်းများ ဈေးကောင်းရရှိလာသည့်အတွက် ချင်းများကို ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခနောင်ဖြူမြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြ၍သိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးခေါင်းပွ ငါးပိသာချိန် ၈၄,၀၀၀ ထိတင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ မေလအတွင်း ငါးခေါင်းပွ ငါးပိသာချိန် ၈၄,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ငါးခေါင်းပွ ငါးပိသာချိန် ၅၃,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ ငါးခေါင်းပွ ငါးပိသာချိန် ၈၄,၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရကြောင်း၊ ငါးခေါင်းပွငါးများအပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ထံမှသိရသည်။

"မအူပင်မြို့နယ်ကနေထွက်ရှိတဲ့ ငါးခေါင်းပွငါးတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ မေလပထမပတ်ကနေ ငါးခေါင်းပွတွေ တင်ပို့မှုပိုမိုကောင်းမွန်လာပါတယ်၊ ပြည်တွင်းမှာကို ငါးခေါင်းပွငါးက ဝယ်လိုအားကောင်းနေပါတယ်။ လက်ရှိ ငါးခေါင်းပွငါးတွေ ဝယ်လိုအားကောင်းလာသလို ဈေးလဲကောင်းလာပါတယ်။ ဒါကြောင့် ငါးလုပ်ငန်းရဲ့ နယ်ပယ်အသီးသီးက အရောင်းအဝယ်လုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်" ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့်အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုသို့ တင်ပို့ရောင်းချမှုအား ကောင်းမွန်ခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်လာကြောင်းသိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## မြန်မာ-ထိုင်းချစ်ကြည်ရေး တံတားအမှတ်(၂) ဖွင့်လှစ်ပြီးနောက် မြဝတီမြို့သို့ ထိုင်းဘက်မှကုန်ပစ္စည်းများ ပုံမှန်တင်သွင်းလျက်ရှိ

မြန်မာ-ထိုင်းချစ်ကြည်ရေး တံတားအမှတ်(၂) ဖွင့်လှစ်ပြီးနောက် မြဝတီမြို့သို့ ထိုင်းဘက်မှပုံမှန်ကုန်ပစ္စည်းများ တင်သွင်းနေပြီး သယ်ယူပို့ဆောင်ရေးသာ ကြန့်ကြာမှုရှိနေကြောင်း အဆိုပါမြို့တွင်နေထိုင်သူ ကုန်သည်များထံမှ သိရသည်။

"ကုန်သွယ်မှုကတော့ ပုံမှန်ဆိုပေမဲ့ လမ်းခရီးမှာတော့ ကုန်ကားတွေက ရက်ကြာတယ်။ မိုးတွင်းနဲ့ လက်ရှိလမ်းတွေက အခုချိန်မှာ ဗွက်တွေဖြစ်နေတော့ နစ်တာပါ။ သယ်ယူပို့ဆောင်ရေးမှာတော့ ကြန့်ကြာတာတွေရှိတယ်လို့ပြောရမယ်။ တစ်ရက်ကို ဘယ်နှစ်စီးလောက်ဆိုတာမျိုးတော့ ဒီနောက်ပိုင်းပုံမှန်မရှိတော့ဘူး။ ပုံမှန်မရှိတော့ဘူးဆိုတာက လမ်းခရီးကြောင့်နဲ့

သွင်းကုန်လိုင်စင်တွေနည်းနည်းကျဖို့ ခက်ခဲတာနဲ့ဆိုတော့ တောက်လျှောက်ကတော့ တာချီလိတ်တို့၊ ကော့သောင်းတို့ကိုလည်း ပြောင်းသွားကြတာတွေရှိတော့ ပုံမှန်မရှိဘူး" ဟု မြဝတီမြို့ခံကုန်သည်တစ်ဦးကပြောသည်။

လမ်းခရီးအဆင်ပြေမှုများက ပြည်တွင်းသို့သယ်ယူမှုများပြီး ရာသီဥတုအခြေအနေကြောင့် လမ်းပိတ်ပါက လျော့ကျသွားလေ့ရှိကြောင်းလည်း ၎င်းကဆိုသည်။ "မြဝတီချစ်ကြည်ရေးတံတားအမှတ်(၂) ဖွင့်လှစ်ပြီးနောက် အဝင်ကတော့ပုံမှန်ပါပဲ။ ဒီဘက်က လမ်းခရီးအခြေအနေကြောင့် ဟိုဘက်ကိုရက်ရွှေ့တာမျိုးတွေပဲရှိတာပါ။ အဝင်ကတော့ပုံမှန်ပါပဲ"ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိတွင် ဒေါနတောင်လမ်းဟောင်းနှင့် ထော့ကိုကိုးလမ်းအစရှိသည့် တောလမ်းများကို အသုံးပြုသွားလာနေကြကြောင်းလည်း ၎င်းကပြောသည်။ ပြီးခဲ့သည့်ရက်ပိုင်းက မိုးရွာသွန်းမှုများပြားခဲ့သည့်အတွက် မြဝတီမြို့တွင် ရေကြီးရေလျှံမှုဖြစ်ခဲ့သော်လည်း ယခုအခါ ရေပြန်ကျသွားပြီဖြစ်ကြောင်းလည်း သိရသည်။ "တောင်ကျချောင်းကြောင့် ရေကြီးနေတာ မဟုတ်ပါဘူး။ မိုးရွာတော့ မိုးရေများလို့ မြောင်းရေကြောင့် လမ်းမှာရေလျှံတာမျိုးပါပဲ။ ရေအများကြီး ကြီးတာတော့ မဟုတ်ပါဘူး" ဟု မြဝတီမြို့ခံတစ်ဦးက ပြောသည်။

**Source:** http://myawady.net.mm/node/57086

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၃-၆-၂၀၂၄ မှ ၇-၆-၂၀၂၄) အတွင်း ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲတစ်တန်ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၃၄၂,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၆၃၂,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၄၀၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024 Crop) ကျပ် ၆၀,၀၀၀၊ မတ်ပဲ SQ/ RC(2024 Crop) ကျပ် ၆၀,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၇၅,၀၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၁၀ လုံး (တန်ချိန် ၅၀၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၉၅ လုံး(တန်ချိန် ၄၆၈၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး( တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၅ လုံး( တန်ချိန် ၃၆၀) လျော့နည်း ဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး( တန်ချိန် ၃၆၀ )ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး တစ်ပိဿာ ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၆၀၀၀၊ မြားနီ ကျပ် ၅၅၀၀၊ ပန်းတနော်ရှည် ကျပ် ၅၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၂,၀၀၀ နှင့် မြစ်ဝပု ကျပ် ၁၂,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းရဲငရုတ် (သစ်) AC ကျပ် ၅၀၀၊ မြားနီ ကျပ် ၃၀၀ နှင့် ပန်းတနော်ရှည် ကျပ် ၂၀၀ အသီးသီး ဈေးကျဆင်းခဲ့ပြီး ကျန်ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၄၁၀၀ (၈၂ ၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၃၄၀၀ (၆၈,၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၇၀၀( ၁၄,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီးတစ်ပိဿာ ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၅၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၄၅၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၃၀၀ အသီး သီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းအသား(သစ်) ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြားတစ်ပိဿာဈေးနှုန်းများမှာ တောင်သာမလိုင် (ဒုံး) ကျပ် ၄၆၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၂၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၇၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၆၁၀၀၊

ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၇၀၀ ဈေးအ သီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင်(ဒုံး) ကျပ် ၄၀၀၊ ပခုက္ကူကြမ်း ကျပ် ၁၀၀ နှင့် ရေစကြို ထန်းလျက်(ချော) ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး ပြောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၀၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၃-၆-၂၀၂၄ မှ ၇-၆-၂၀၂၄) ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီတစ်ပိဿာ ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၃၅၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၃၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၂၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၇၀၀၊ မုံရွာသစ်ရှယ် ကျပ် ၂၃၅၀၊ မုံရွာလတ်ကြီး ကျပ် ၂၃၀၀၊ မုံရွာလတ်သန့် ကျပ် ၂၂၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၇၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀၊ မုံရွာသစ်ရှယ် ကျပ် ၁၅၀၊ မုံရွာလတ်ကြီး ကျပ် ၁၅၀၊ မုံရွာလတ်သန့် ကျပ် ၅၀ အသီးသီး ဈေးကျဆင်းခဲ့ပြီး ဆိပ်ဖြူလတ်ချော ကျပ် ၅၀ နှင့် မုံရွာလတ်ချော ကျပ် ၅၀ ဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၁၀ (၆၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၃၀ (၇၈၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၂၀ (၁၂၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ တစ်ပိဿာ ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၂,၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၀,၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၁,၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၁,၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၂,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၄၈၀၀ (၁၄၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၄၃၀၀ (၁၂၉,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၅၀၀ (၁၅,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများ ဝင်ရောက်လျက်ရှိရာ အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ တရုတ် A1 ကျပ် ၁၉၀၀၊ တရုတ် OK ကျပ် ၂၂၅၀၊ တရုတ် S1 ကျပ် ၂၂၅၀၊ တရုတ်S2 ကျပ် ၂၃၀၀ ဈေးနှုန်း အသီးသီးခဲ့ဖြစ်သည်။ တစ်ပတ်အတွင်း အာလူးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင် ရောက်မှုမှာ ယခင်အပတ်က ကားအစီးရေ ၄၃ (၂၅၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၄၆ (၂၇၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူး ကားစီးရေ ၃ (၁၈,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ၂၀၂၄ ခုနှစ်၊ ပထမ(၅)လအတွင်း ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံ ရရှိခဲ့သည့်ဗီယက်နမ်

ဗီယက်နမ်နိုင်ငံသည် ဇန်နဝါရီလမှ မေလအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံတန်ဖိုးပမာဏရှိသည့် ရေထွက်ကုန်များကို ပြည်ပသို့တင်ပို့ခဲ့ပြီး လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဗီယက်နမ်နိုင်ငံ ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း (VASEP) အဆိုအရ သိရသည်။ အဆိုပါကာလအတွင်း တူနာငါးတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃၉၇ သန်း ပမာဏရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၂၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ တူနာဈေးကွက်ကျွမ်းကျင်သူ Nguyen Ha က ငွေကြေးဖောင်းပွမှုကို စိတ်ကုန်နေသော



စားသုံးသူများသည် ငွေကြေးချေတာလာကြပြီး ဈေးသက်သာသည့် ထုတ်ကုန်များကို အလိုရှိလာကြောင်းနှင့် အဆိုပါကာလတွင် ဈေးနှုန်းမြင့်မားနေသော တူနာငါးများကို အမေရိကန်၊ ဥရောပ သမဂ္ဂနှင့်အစ္စရေးတို့က အဓိကတင်သွင်းကြောင်း ပြောကြားခဲ့သည်။ လက်ဘနွန်နှင့်ဂရိကဲ့သို့သော အရှေ့အလယ်ပိုင်းနိုင်ငံများကို ရေထွက်ကုန်တင်ပို့မှုမှာ မြင့်မားနေကြောင်းသိရသည်။ ဂဏန်း တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၀၁ သန်းဖြင့် လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၈၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တရုတ်နိုင်ငံနှင့်ဂျပန်တို့မှာ အကြီးမားဆုံး ဝယ်ယူသူများဖြစ်ကြောင်းသိရသည်။ Tra Fish တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၇၅၅ သန်းနှင့် ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ပုစွန်တင်ပို့မှုမှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံဖြင့် ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

VASEP ၏ ဆက်သွယ်ရေးဒါရိုက်တာ Le Hang က ဗီယက်နမ်နိုင်ငံ၏ ရေထွက်ကုန်တင်ပို့မှုမှာ ဝယ်လိုအားတွင်သာမက ဈေးနှုန်းတွင်ပါ ပြန်လည်နာလန်ထူလာကြောင်းနှင့် အမေရိကန်၊ ဂျပန်၊ ဥရောပသမဂ္ဂနှင့်တောင်ကိုရီးယားနိုင်ငံတို့ကို ရေထွက်ကုန်တင်ပို့မှုမှာ မေလတွင် ၅ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းသို့ ကြီးထွားလာကြောင်း သိရသည်။

မေလကုန်တွင် အမေရိကန်သို့တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၆၃၅ သန်းနှင့် ၁၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး ဂျပန်၊ တောင်ကိုရီးယားနှင့်ဥရောပသမဂ္ဂတို့သို့တင်ပို့မှုမှာ ၃ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းထိ တိုးတက်လာကြောင်း သိရသည်။ သို့သော် စီးပွားရေးတိုးတက်မှုရပ်တန့်နေသောကြောင့် စားသုံးသူများမှာ ငွေကြေးချေတာနေကြသောကြောင့် တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ မေလတွင် ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တရုတ်မှတင်သွင်းသူများမှာ TraFish ကဲ့သို့ ဈေးသက်သာသည့် ကုန်ပစ္စည်းများကို ပြောင်းလဲတင်သွင်းနေကြောင်း သိရသည်။

**Source: Vitnem Plus**

**DOCA(ရန်ကုန်)** https://www.doca.gov.mm/my/node/21008

## ဆီအုန်းဝယ်ယူမှု အနိမ့်ဆုံးဈေးနှုန်း ထိုင်းအစိုးရသတ်မှတ်



ထိုင်းနိုင်ငံ၌ စားအုန်းဆီကြိတ်ခွဲထုတ်လုပ်သည့် စက်ရုံလုပ်ငန်းရှင်များအနေဖြင့် တောင်သူများထံမှ ဆီအုန်းသီး တစ်ကီလိုဂရမ်လျှင် အနည်းဆုံး ဘတ်ငွေ ၄ ဒသမ ၅၀ နှုန်းဖြင့်ဝယ်ယူရန် ညွှန်ကြားချက်ကို ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr. Wattanasak Suriam က လက်မှတ်ရေးထိုးပြီး စားအုန်းဆီကြိတ်ခွဲထုတ်လုပ်ရေးအသင်း၏ဥက္ကဋ္ဌထံ ၂၉-၅-၂၀၂၄ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပေးပို့၍ထုတ်ပြန်ထားကြောင်း The Nation Thailand သတင်းဌာနကဖော်ပြသည်။

ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဆီအုန်းအများအပြား စိုက်ပျိုးထုတ်လုပ်သည့် ခရိုင်တစ်ခုသို့ ၂၈-၅-၂၀၂၄ ရက်နေ့တွင်သွားရောက်၍ ဆီအုန်းစိုက်ပျိုးသူများ၊ ကြားခံဆီအုန်းဝယ်သူများနှင့် ဆီအုန်းကြိတ်ခွဲထုတ်လုပ်သည့်စက်ရုံများမှကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ကြားခံပွဲစားများအနေဖြင့် ဆီအုန်းစိုက်ပျိုးသည့် တောင်သူများထံမှ ဆီအုန်းအသီး တစ်ကီလိုဂရမ်လျှင် အနည်းဆုံး ဘတ်ငွေ ၄ ဒသမ ၅၀ ဖြင့် ဝယ်ယူရန် အဆိုပါဆွေးနွေးပွဲမှ ဖော်ထုတ်ခဲ့ကြောင်း၊ သီးနှံအရည်အသွေးသည် ပရီမီယံအဆင့်ရှိပါက အရည်အသွေးကောင်းမွန်သည့်အတိုင်း ဈေးနှုန်းတိုးမြှင့်ပေးရမည်ဖြစ်ကြောင်းဖြင့် Mr. Wattanasak က ပြောကြားခဲ့သည်။

အဆိုပါသတ်မှတ်ထားသည့် ဈေးနှုန်းအောက်လျှော့ချဝယ်ယူသည့် မည်သူမဆို အမြင့်ဆုံးထောင်ဒဏ် ခုနစ်နှစ် သို့မဟုတ် အမြင့်ဆုံးဒဏ်ငွေ ဘတ် ၁၅၀,၀၀၀ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကို ချမှတ်ခံရနိုင်သည်ဟု ၎င်းအမိန့်စာတွင် ဖော်ပြထားကြောင်း၊ ထို့ပြင် ဆီကြိတ်ခွဲထုတ်လုပ်သည့် စက်ရုံလုပ်ငန်းရှင်များသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ဦးစီးဌာနသို့ နေ့စဉ်

အစီရင်ခံတင်ပြရန်လိုအပ်ကြောင်း၊ ယင်းသို့အစီရင်ခံတင်ပြရာတွင် လုပ်ငန်းရှင်များအနေဖြင့် ဆီအုန်းသီးဝယ်ယူမှုပမာဏ၊ ဝယ်ယူသည့်ဈေးနှုန်းနှင့် ကြိတ်ခွဲထုတ်လုပ်သည့် ဆီပမာဏတို့ကို ဖော်ပြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Source: The Nation Thailand, 29 May 2024(**လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**)

https://www.doca.gov.mm/my/node/20949

## ထိုင်းကော်ဖီဈေးကွက်၌ စားသုံးမှုနှင့်တင်ပို့ရန်ပြုပြင်ထုတ်လုပ်မှု တိုးတက်လျက်ရှိ

ထိုင်းကော်ဖီဈေးကွက်၌ စားသုံးသူများ၏လူနေမှုပုံစံဖြင့် လည်ပတ်လျက်ရှိသော ပြည်တွင်းစားသုံးမှုနှင့် တင်ပို့ရန်ပြုပြင်ထုတ်လုပ်မှုတို့ တိုးတက်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံအနေဖြင့် ကော်ဖီထုတ်ကုန်များအား တန်ဖိုးမြင့်စေသည့် အဓိကအားသာချက်တစ်ခုအဖြစ် ကော်ဖီစေ့ ကုန်ကြမ်းများမှတစ်ဆင့် ကော်ဖီကုန်ချောများအဖြစ်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့ရန်အတွက် အလားအလာရှိကြောင်း ကုန်သွယ်မှုမူဝါဒနှင့် မဟာဗျူဟာရုံး၏ညွှန်ကြားရေးမှူးချုပ် Poonpong Naiyanapakorn ၏ ပြောကြားချက်အရ သိရသည်။

ထိုင်းကော်ဖီဈေးကွက်သည် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်း ၈ ဒသမ ၅၅ ရာခိုင်နှုန်းဖြင့် ကြီးမားလာခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ဈေးကွက်တန်ဖိုးအနေဖြင့် ဘတ် ၃၄ ဒသမ ၅ ဘီလီယံ အထိရောက်ရှိခဲ့ပြီး၂၀၂၂ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၃၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ အဆိုပါ စုစုပေါင်းတန်ဖိုးအနက် အသင့်သောက်ကော်ဖီမှုန့်သည် ဘတ် ၂၉ ဘီလီယံဖြင့် ပြည်တွင်းဈေးကွက်၏ ၈၄ ရာခိုင်နှုန်းခန့်ကို ရယူထားကြောင်း၊ လတ်ဆတ်သောကော်ဖီသည် ဈေးကွက်တန်ဖိုး ၅ ဒသမ ၅၂ ဘီလီယံရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ထိုင်းကော်ဖီဈေးကွက်၏တိုးတက်မှုကို အထောက်အပံ့ပေးသည့် အကြောင်းအရင်းများတွင် အရွယ်ရောက်ပြီး စားသုံးသူများ၏ ဝယ်လိုအားနှင့် အဖျော်ယမကာသောက်သုံးရန် လွယ်ကူမှုကိုရယူလိုသည့် လူနေမှုပုံစံတို့ပါဝင်ကြောင်း၊ ထိုင်းနိုင်ငံ၏ ပူအိုက်သော ရာသီဥတုသည် ကော်ဖီအေး၊ အသင့်သောက်ကော်ဖီနှင့် ပုလင်းသွင်းအသင့်သောက်ကော်ဖီတို့အတွက် ဈေးကွက်ကို မောင်းနှင်ရာတွင်လည်း အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်း Mr Poonpong ၏ ပြောကြားချက်အရသိရသည်။

သို့သော်လည်း စားသုံးသူအချို့သည် လတ်ဆတ်သောနုပ်ကော်ဖီအရသာနှင့် ထိုကဲ့သို့ ကော်ဖီဖျော်သောက်သုံးရသည့် ပတ်ဝန်းကျင်ဓလေ့စရိုက်ကို နှစ်သက်ကြကြောင်း၊ ဤအချက်က ကော်ဖီလုပ်ငန်းနယ်ပယ်တိုးတက်မှုကို အထောက်အပံ့ပြုကြောင်း၊ အဆိုပါ မတူကွဲပြားသည့်ကဏ္ဍများသည် ကော်ဖီလုပ်ငန်းရှင်များအား ၎င်းတို့၏ စားသုံးသူများနှင့်ပတ်သက်သည့် စားသုံးမှုဆိုင်ရာအလေ့အထများကိုလေ့လာစေလျက် စားသုံးသူများ၏ ဝယ်လိုအားနှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ၎င်းတို့ကိုစွမ်းဆောင်နိုင်စေကြောင်း Mr Poonpong က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် ၂၀၂၃ ခုနှစ်၌ ကော်ဖီတန်ချိန် ၁၆,၅၇၅ တန် ထုတ်လုပ်ခဲ့ပြီး ၎င်းပမာဏတွင် အာရေဗီးကားကော်ဖီ ၄၈ ဒသမ ၂ ရာခိုင်နှုန်းနှင့် ရိုဘတ်စတာကော်ဖီ ၅၁ ဒသမ ၈ ရာခိုင်နှုန်းပါဝင်ကြောင်း၊ ထိုင်းနိုင်ငံ၏ ကော်ဖီတင်သွင်းမှုသည် ၂၀၁၉ ခုနှစ်မှ စတင်တိုးတက်လာခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ယခင်နှစ် တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထက် ၁၂ ဒသမ ၉ ရာခိုင်နှုန်းပိုမိုလျက် ဒေါ်လာ ၃၃၈ သန်း အထိတိုးတက်ခဲ့ကြောင်း၊ ကော်ဖီစေ့ကုန်ကြမ်းတင်သွင်းမှုတန်ဖိုးမှာ ဒေါ်လာ ၁၈၅ သန်း (၆၂,၁၇၁ တန်)၊ လှော်ထားသောကော်ဖီစေ့တန်ဖိုး ဒေါ်လာ ၂၇ ဒသမ ၆ သန်း (၁၆၄၇ တန်) နှင့် အသင့်ဖျော်ကော်ဖီ တန်ဖိုး ဒေါ်လာ ၁၂၆ သန်း (၁၅,၉၄၇ တန်) အသီးသီးပါဝင်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ပထမသုံးလအတွင်း ကော်ဖီတင်သွင်းမှုတန်ဖိုးမှာ ဒေါ်လာ ၇၆ ဒသမ ၃ သန်းရှိပြီး ၎င်းအနက် ကော်ဖီစေ့ကုန်ကြမ်းသည် ဒေါ်လာ ၃၁ ဒသမ ၂ သန်း၊ လှော်ထားသောကော်ဖီသည် ဒေါ်လာ ၆ ဒသမ ၁၅ သန်းနှင့် အသင့်ဖျော်ကော်ဖီသည် ဒေါ်လာ ၃၈ ဒသမ ၉ သန်း တန်ဖိုးရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် ပြည်တွင်းစားသုံးရန်နှင့် အသင့်ဖျော်ကော်ဖီအဖြစ် တင်ပို့ရန်အတွက် ကော်ဖီစေ့ကုန်ကြမ်းအမြောက်အမြားကို တင်သွင်းလျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ထိပ်တန်း အသင့်ဖျော်ကော်ဖီတင်ပို့သည့်ဈေးကွက်မှာ ကမ္ဘောဒီးယား၊ လာအိုနှင့်ဖိလစ်ပိုင်တို့ဖြစ်ကြသည်။ ထိုင်းနိုင်ငံသည် ဗီယက်နမ်မှကော်ဖီစေ့ကုန်ကြမ်းများကို အများဆုံး တင်သွင်းပြီး အင်ဒိုနီးရှားနှင့်လာအိုနိုင်ငံတို့မှလည်း တင်သွင်းကြောင်း သိရသည်။

ထိုင်းကော်ဖီတင်ပို့မှုမှာ ၂၀၂၁ ခုနှစ်မှစ၍ ချဲ့ထွင်လာခဲ့ပြီး ၂၀၂၂ ခုနှစ်၌ ဒေါ်လာ ၁၀၉ သန်း တင်ပို့မှုရှိရာမှ ၁၅ ဒသမ ၆ ရာခိုင်နှုန်း တိုးမြင့်လျက် ၂၀၂၃ ခုနှစ်တွင် ၁၂၆ သန်း သို့ရောက်ရှိလာခဲ့ကြောင်း သိရှိရသည်။ ကော်ဖီအမျိုးအစားအလိုက် တင်ပို့မှုအနေဖြင့် အသင့်ဖျော်ကော်ဖီတင်ပို့မှုမှာ ဒေါ်လာ ၁၂၁ သန်း၊ လှော်ထားသောကော်ဖီစေ့သည် ဒေါ်လာ ၂ ဒသမ ၇၅ သန်းနှင့် ကော်ဖီကုန်ကြမ်းသည် ဒေါ်လာ ၂ ဒသမ ၂၀ သန်း အသီးသီး တန်ဖိုးရှိကြောင်း သိရှိရသည်။

ယခုနှစ် ပထမသုံးလပတ်တွင် ထိုင်းနိုင်ငံ၏ ကော်ဖီတင်ပို့မှုတန်ဖိုးမှာ ဒေါ်လာ ၃၄ ဒသမ ၂ သန်းရှိပြီး အသင့်ဖျော်ကော်ဖီသည် ဒေါ်လာ ၃၂ ဒသမ ၇သန်း၊ လှော်ထားသောကော်ဖီစေ့သည် ဒေါ်လာ ၁ ဒသမ ၂၄ သန်းနှင့် ကော်ဖီကုန်ကြမ်းသည် ဒေါ်လာ ၂၁၀,၀၀၀ ပါဝင်ကြောင်း သိရသည်။

Source: Bangkok Post, 4 June, 2024 **(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/20945

## STOCK EXCHANGE (11.6.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Jun. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,791 (Shares) | 18,899,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | +200 | +2.22% | 9,200 | 9,200 | 9,100 | 264 | 2,409,300 | 33,109,694 | 304,609 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,150 | 3,200 | 3,150 | 1,220 | 3,903,650 | 38,929,150 | 124,573 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 95 | 798,000 | 10,400,986 | 87,368 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 2,872 | 4,884,800 | 29,664,613 | 51,913 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,800 | 2,850 | 2,800 | 170 | 481,400 | 12,823,224 | 36,546 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,800 | 1,850 | 1,800 | 760 | 1,380,900 | 19,977,223 | 36,958 |
| AMATA | 00007 | 4,900 | +100 | +2.08% | 4,800 | 4,900 | 4,800 | 245 | 1,176,500 | 10,497,598 | 51,438 |
| MAEX | 00008 | 3,300 | -150 | -4.35% | 3,350 | 3,350 | 3,300 | 1,165 | 3,865,250 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 12th Jun. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 409.27 | +3.20 | +0.79% | 407.79 | 409.27 | 404.90 | 6,791 | 18,899,800 | 8 | 771,961 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 12th Jun. 2024

| Trading Volume | Trading Value |
|---|---|
| 6,791 (Shares) | 18,899,800 (MMK) |

### Main Board

As of 1:00 pm, 12th Jun. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,791 (Shares) | 18,899,800 (MMK) |

| MYANPIX | 409.27 ▲ 3.20 |
|---|---|
| Total Volume (shares) | 6,791 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 771,961 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▲ 200 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,750 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 100 |
| MAEX | 00008 | 3,300 | ▼ 150 |

TIR

TIR